မက်ထရစ်တန်အား တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျသင့်တန်ဖိုး၏ (၃) ပုံ (၁) ပုံကို ပေးချေပြီး ကျန်ငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပေးချေရန် သတ်မှတ်ထားသော်လည်း Wanbao Mining Int'l Trading (Hong Kong) Ltd., မှ ကျသင့်တန်ဖိုးငွေ အားလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပေးချေခဲ့ခြင်း၊ ပုံသေမြေငှားရမ်းခ ကြွေးကျန်များ ရရှိခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/TBP) ရောင်းချရငွေများ၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှ ရရှိသည့် မှတ်ပုံတင်ကြေးနှင့် ဥပဒေစာအုပ်ရောင်းရငွေများ ပိုမိုရရှိခြင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်၍ နိုင်ငံခြားသားမှတ်ပုံတင်ခ၊ နေခွင့်နှင့်ဗီဇာခများပိုမိုရရှိခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် မွေးမြူရေးလုပ်ငန်းများ အတွက် မွေးမြူရေးဖြည့်စွက်စာများ ပိုမိုတင်သွင်းခွင့်လိုင်စင်များ ခွင့်ပြုခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**တွင် အဆောက်အဦငှားရမ်းခ၊ ဘွိုင်လာစစ်ဆေးခ၊ လျှပ်စစ်စစ်ဆေးခ၊ လိုင်စင်ခ၊ မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခရငွေများနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်မှ ရငွေများပိုမိုရရှိခြင်း၊ **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ကုမ္ပဏီမှတ်ပုံတင်ကြေး ရငွေများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဝန်ဆောင်ခရငွေများပိုမိုရရှိခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် လမ်းတံတားအသုံးပြုခများ ပိုမိုရရှိခြင်း၊ မြေတိုင်းခများ၊ မြေပုံ မြေရာဇဝင်ကူးခများနှင့် အဆောက်အဦငှားရမ်းခများ ပိုမိုရရှိခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် ပြည်တွင်းဟိုတယ်များ၏ ငှားရမ်းခရငွေများနှင့် Golden Triangle Paradise Resort ဟိုတယ်နှင့် Victoria Entertainment Resort ဟိုတယ်တို့၏ နှစ်ဟောင်းမြေငှားရမ်းခ ကြွေးကျန်များ ပိုမိုရရှိခြင်း၊ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၏ ရငွေများပါဝင်လာခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုတြီထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့်

မဲခေါင်-လန်ချန်းစီမံကိန်းမှ လျော့နည်းခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီအဖြစ်ရရှိမည့် အဖွဲ့အစည်းများဖြစ်သည့် WHO, UNICEF, UNFPA, Global Fund, ADB Grant များကို ပြည်ပအကူအညီရငွေများအတွက် အရ/အပေး စာရင်းတင်လျာထားခဲ့သော်လည်း GAVI အဖွဲ့နှင့် WHO, UNICEF အဖွဲ့များအကြား ဆောင်ရွက်ရသည့် စီမံခန့်ခွဲမှု အဆင့်ဆင့် လိုအပ်ချက်များအရလည်းကောင်း၊ Global Fund အဖွဲ့၏ ဘဏ္ဍာရေးနှစ်နှင့် ကိုက်ညီမှုမရှိခြင်းနှင့် လုပ်ငန်းများကို တိုက်ရိုက်ဆောင်ရွက်သည့် အစီအစဉ်အရလည်းကောင်း၊ Grant ပေးအပ်သည့် အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အပြည့်အဝမရရှိခဲ့ခြင်း၊ JICA Project များအတွက် JICA အဖွဲ့က တိုက်ရိုက်တင်ဒါခေါ်ယူဆောင်ရွက်ပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ငွေပေးချေမှုအဆင့်ဆင့် ပြုလုပ်ရသဖြင့် ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်အတိုင်း အရအသုံးစာရင်း မတင်နိုင်ခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်** ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန်အတွက် GAVI, Global Fund, ADB Grant နှင့် ADB Loan တို့မှ လျော့နည်းသုံးစွဲခြင်း၊ အချို့သော ဆေးဝါးပစ္စည်းများ ဝယ်ယူရာတွင် တင်ဒါယှဉ်ပြိုင်မည့် ကုမ္ပဏီမရှိသဖြင့် ဝယ်ယူနိုင်မှုမရှိခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းများမှ အချို့သောဆေးဝါးများအား အပြည့်အဝ ဝယ်ယူ၍ မရခြင်း၊

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၃၂၃,၄၈၂.၉၈၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇၆,၃၇၂.၀၄၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၄.၅၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၄,၉၁၇,၁၉၄.၉၃၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၀၂၂,၃၆၀.၁၄၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၁.၈၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ လျော့နည်းသည့် အခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာနတွင်** မြန်မာသံရုံး၊ ဘန်ကောက်မြို့မှ သံရုံးသုံး မော်တော်ယာဉ်အဟောင်းနှင့် မြန်မာအဖွဲ့ရုံး၊

ဂျီနီဗာမြို့မှ အကြီးအကဲသုံးယာဉ်အဟောင်းအား ထုခွဲရောင်းချခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး** ဌာနတွင် ချင်းပြည်နယ်၊ ရိခေါဒါရ် နယ်စပ်ဝင်/ထွက်ဂိတ် အဆောက်အဦ အဟောင်းလေလံတင်ရောင်းချခဲ့ခြင်း၊ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန**တွင် သိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦဟောင်းများ ရောင်းချခဲ့ခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် အဆောက်အဦ ဟောင်းများ ဆယ်တင်ရောင်းချခြင်းနှင့် ADB ပြည်ပအကူအညီရငွေဖြင့် အဆောက်အဦ(၁)ထပ်မှ (၂)ထပ်သို့ ပြောင်းလဲဆောက်လုပ်ခဲ့သဖြင့် ယင်းအသုံး စရိတ်နှင့် ဆက်စပ်သည့် ရငွေများ ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန**တွင် စိုက်ပျိုးရေးဆိုင်ရာ အကြံပေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ MoU လက်မှတ်ရေးထိုးသည့် ဘဏ္ဍာရေးနှစ်အတွင်း ရငွေလျာထားခဲ့သော်လည်း Agriculture Development Unit-ADU, Irrigation System Modernization Unit-ISMU, Project Management Unit-PMU အဖွဲ့များအား အချိန်မီ အဆင့်လိုက် မဖွဲ့နိုင်သေးခြင်းကြောင့် Consultant ခန့်အပ်ရန် နောက်ကျခြင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတကာ တင်ဒါလုပ်ငန်း ဆောင်ရွက်မည့် Procurement Specialists (National and International) ခန့်အပ်မှု မဆောင်ရွက်နိုင်သေးခြင်း၊ တင်ဒါလုပ်ငန်းစဉ်အရ သက်ဆိုင်ရာ အဖွဲ့အစည်းသို့ No Objection များ တောင်းခံရခြင်း၊ Joint Review ၏ Mission AIDE MEMOIRE အရ Time Frame ကို ပြန်လည်ညှိနှိုင်းသတ်မှတ်ရန် Contract Negotiation ပြုလုပ်ရခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန**တွင် JICA အကူအညီရငွေဖြင့် မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းမှ ဆိပ်ကမ်းတည်ဆောက်မည့် မြေနေရာအတွက် မြေယာလျော်ကြေး ကိစ္စများ ညှိနှိုင်းနေဆဲဖြစ်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်သည့် ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဆောက်အဦ ဖြစ်နိုင်ခြေ လေ့လာခြင်းစီမံကိန်းတွင် မြေသားစမ်းသပ်ခြင်းလုပ်ငန်းအတွက် နည်းပညာအကြံပေးအဖွဲ့ငှားရမ်းရန် တင်ဒါ ပြန်လည်ခေါ်ယူရခြင်း၊ **ပညာရေး ဝန်ကြီးဌာန**တွင် JICA ၏ အကူအညီဖြင့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေး

ပညာသင်တန်းကျောင်း တည်ထောင်ခြင်းနှင့် Kfw အကူအညီဖြင့် Technical and Vocational Education Training Reform Programme ပြုလုပ်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ JICA အကူအညီဖြင့် The Project for Enhancing Technological Universities in Myanmar အတွက် စက်ပစ္စည်းများ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီမရောက်ရှိခြင်း၊ **ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန**တွင် WHO, UNICEF, Global Fund, GAVI, ADB Grant စသည်တို့မှ ပြည်ပအကူအညီအဖြစ်ရရှိမည့် ပစ္စည်းများအတွက် အရ/အသုံးစာရင်းတင်၍ လျာထားခဲ့သော်လည်း WHO, UNICEF, Global Fund , GAVI, ADB Grant များ လျာထားချက်အတိုင်း အပြည့်အဝမရရှိခဲ့ခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**တွင် ဂျာမဏီနိုင်ငံ Kfw အထောက်အပံ့ဖြင့် အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)တွင် လုပ်ငန်းများ ဆောင်ရွက်သည့် PEM Technical Consultant ကွယ်လွန်သွား၍ Timeline Schedule အသစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရမည် ဖြစ်သဖြင့် စက်နှင့်စက်ပစ္စည်းများ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ မပေးပို့နိုင်ခဲ့ခြင်း၊ အိန္ဒိယနိုင်ငံ(HMT-International Co..,Ltd)မှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်းများမှာ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားသဖြင့် အချိန်မီမရရှိခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်းများမှာ အသေးစိတ်စီမံချက်များပါဝင်သော Separate Agreement ရေးထိုးနိုင်ရန် ဆောင်ရွက်ဆဲဖြစ်သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း မရောက်ရှိခဲ့ခြင်း၊ **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန**တွင် စီးပွားရေးသန်းခေါင်စာရင်း (Economic Census-EC) အတွက် JICA ဘက်မှ နည်းပညာအကူအညီကိုသာ Grant ရရှိ၍ ကျန်အသုံးစရိတ်များမှာ Loan အနေဖြင့်သာ ပေးချေမည်ဖြစ်ခြင်း၊ Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software ဝယ်ယူရန်အတွက် ကမ္ဘာ့ဘဏ်၏ No Objection Letter (Nol) ကို ဩဂုတ်လမှသာ ရရှိခဲ့သည့်အတွက် အချိန်မီ မသုံးစွဲနိုင်ခြင်း၊ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် လျာထားခဲ့သော်လည်း ကမ္ဘာ့ဘဏ်မှ ပြည်ပအကူအညီရငွေအချိန်မီမရရှိခြင်း၊ **ဆောက်လုပ်ရေး ဝန်ကြီးဌာန**တွင် စက်ယန္တရားများဝယ်ယူရန်အတွက် JICA မှ အဆိုပြုလွှာ မရရှိခြင်း၊ တရုတ်နိုင်ငံအကူအညီရငွေဖြင့် ကွမ်းလုံတံတားသစ် တည်ဆောက်ရေး

လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ Kfw အထောက်အပံ့ဖြင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ပစ္စည်းစုဆောင်းခြင်းကိုသာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပြည်ပအကူအညီ ရငွေများ စာရင်းတင်နိုင်မှုမရှိသေးခြင်း၊ **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နားလည်မှု စာချွန်လွှာအရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ ဘက်မှ အဆိုပြုထားသည့်လုပ်ငန်း (၂၂)ခုအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မှသာ ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အိန္ဒိယအစိုးရနှင့် ညှိနှိုင်း ပေးသွားမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများအတွက် ပြည်ပအကူအညီရငွေများ မရရှိသေးခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **ပြည်ထဲရေးဝန်ကြီးဌာန**တွင် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အဆောက်အဦများအတွက် ပြန်လည်အစားထိုးဆောက်လုပ်ခဲ့ခြင်း၊ အမှတ်(၁၊၂၊ ၃၊၄၊၅၊၆၊၇၊၈) နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့ခွဲများတွင် ဘန်ကာများ ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရခိုင်ပြည်နယ်ရှိ ရဲကင်း/ရဲစခန်း (၂၇)ခုနှင့် အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ အတွက် အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုငွေအားသုံးစွဲခြင်း၊ **ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန**တွင် ADB ပြည်ပအကူအညီရငွေဖြင့် မော်လမြိုင်မြို့ရှိ စားသောက်ကုန်ထုတ်လုပ်ရေးစင်တာကို (၁)ထပ်မှ (၂)ထပ်သို့ တိုးမြှင့် တည်ဆောက်ခဲ့ခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် Fire Alarm System တပ်ဆင်ခြင်းလုပ်ငန်း (၂)ခုနှင့် e-Government စနစ် အကောင်အထည်ဖော်ခြင်းလုပ်ငန်း အသုံးစရိတ်တို့အား ပြန်လည်အပ်နှံခဲ့ခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် JICA အကူအညီဖြင့် ဆောင်ရွက် သည့် မန္တလေးဆိပ်ကမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများမှာ မြေယာလျော်ကြေးပေးချေရန်ကိစ္စများ ညှိနှိုင်းနေဆဲဖြစ်၍ မသုံးစွဲရသေးခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် Telecommunication Sector Reform Project အတွက် အကြံပေးများအား လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်း

လိုအပ်ချက်အရသာ ငွေးရမ်းခဲ့ခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူရာတွင် တင်ဒါဈေးနှုန်းလျော့နည်းခြင်း၊ Universal Service Fund Pilot Project အား မြို့နယ်(၄)ခုတွင် မြို့နယ်(၂)ခုသာ တင်ဒါအောင်မြင်ခဲ့ခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဂျပန် ODA ချေးငွေဖြင့် ဆောင်ရွက်သည့် Infrastructure Development in Thilawa Area Phase I (MY-P3)အောက်ရှိ ၂၃၀ ကေဗွီ သန်လျင်-သီလဝါ ဓာတ်အားလိုင်းနှင့် သီလဝါ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းအတွက် သီလဝါ SEZ မှ ထပ်မံတောင်းခံထားသော Feeder များ တိုးချဲ့ခြင်းအတွက် စာချုပ်အရ Down Payment 10% သာ ပေးချေနိုင်ခြင်း၊ National Power Transmission Network Phase-I (MY-P8) အောက်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ စပါးကြွယ်ခွဲရုံတည်ဆောက်ခြင်း၊ National Power Transmission Network Phase-II (MY-P14) အောက်ရှိ ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း ၅၀၀ ကေဗွီ ဘုရားကြီးခွဲရုံနှင့် လှိုင်သာယာခွဲရုံ တည်ဆောက်ခြင်းများအတွက် Engineering, Procurement and Construction (EPC)စာချုပ်များ ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး စာချုပ် ချုပ်ဆိုနိုင်မှုမရှိသေးခြင်း၊ ADB ချေးငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအတွက် အကြံပေးဝန်ဆောင်မှု စာချုပ်အတွက် Down Payment 10% သာ ပေးချေနိုင်ပြီး Progress Payment များ ပေးချေနိုင်မှုမရှိခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်မည့် Power Network Development Project ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အား လိုင်းနှင့် ခွဲရုံစီမံကိန်းအတွက် အကြံပေးဝန်ဆောင်မှု စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး Engineering, Procurement and Costruction (EPC) ပါဝင်သော တင်ဒါကို ADB Guideline အရ Bid Evaluation Report ကို ADB မှ စိစစ်ဆဲဖြစ်ခြင်းတို့ကြောင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် အဆောက်အဦဆောက်လုပ်ခြင်းနှင့် စက်ပစ္စည်းများ ဝယ်ယူမှုများတွင် တင်ဒါ ဈေးနှုန်းစိစစ်မှုကြောင့် လျော့နည်းခြင်း၊ ပဲခူးသင်တန်းကျောင်း ဆောက်လုပ်ရန် မြေနေရာအား မြေဖို့ရာတွင် ရာသီဥတုဆိုးရွားခြင်းကြောင့် လုပ်ငန်း၏ ၅၀%

ကိုသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုခဲ့သည့် Tablet နှင့် Power Bank များအစား လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုသွက်လက်လျှင်မြန်မှုရှိသည့် အရည်အသွေးကောင်းမွန်သော Tablet နှင့် Power Bank များအား အရေအတွက်နှင့် ဈေးနှုန်းပြောင်းလဲဝယ်ယူခဲ့ခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် နယ်မြေဒေသအခြေအနေ၊ သဘာဝဘေးနှင့်လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိခြင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေးလုပ်ငန်းများ၌ အချို့သောလုပ်ငန်းများမှာလမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်း၊ မိုးရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ နယ်မြေလုံခြုံမှုမရှိခြင်း၊ မြစ်ရေဝင်ဒေသဖြစ်ခြင်း စသည်တို့ကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ADB Grant ဖြင့် ဝယ်ယူမည့် ပစ္စည်းများထားရှိရန်အတွက် တည်ဆောက်နေသည့် ရောဂါနှိမ်နင်းရေး အဆောက်အဦများ အပြီးသတ်ဆောက်လုပ်နေဆဲဖြစ်ခြင်းကြောင့် လျာထားသည့်အတိုင်း ပစ္စည်းများ မဝယ်ယူနိုင်ခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်မည့် Greater Mekong Sub-region Health Security Project အတွက် ဝယ်ယူရန်လျာထားသည့် အချို့သောစက်ပစ္စည်းများအား အရေအတွက် လျှော့နည်းဝယ်ယူခဲ့ခြင်း၊ Mobile Lab Van (၁)စီးမှာ တင်ဒါခေါ်ယူရာတွင် လျာထားငွေထက် ပိုမိုများပြားသဖြင့် ဝယ်ယူမှုမပြုခြင်းတို့ကြောင့် လျှော့နည်းစာရင်းတင်ရခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန**တွင် ဂျာမဏီနိုင်ငံ Kfw အထောက်အပံ့ဖြင့် အမှတ်(၁)စက်မှု သင်တန်းကျောင်း (ဆင်တဲ)တွင် လုပ်ငန်းများ ဆောင်ရွက်သည့် PEM Technical Consultant ကွယ်လွန်သွား၍ Timeline Schedule အသစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်နှင့်စက်ပစ္စည်းများ ဘဏ္ဍာရေးနှစ်အမီ မပေးပို့နိုင်ခဲ့ခြင်း၊ အိန္ဒိယနိုင်ငံ (HMT-International Co.., Ltd)မှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်းများမှာ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားသဖြင့် အချိန်မီမရောက်ရှိနိုင်ခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့မည့် စက်နှင့်စက်ပစ္စည်းများမှာ အသေးစိတ် စီမံချက်များပါဝင်သော Separate Agreement ရေးထိုးနိုင်ရန် ဆောင်ရွက်ဆဲဖြစ်သဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း မရောက်ရှိခဲ့ခြင်း၊ **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် စီးပွားရေးသန်းခေါင်စာရင်း (Economic Census-EC)အတွက် JICA ဘက်မှ နည်းပညာအကူအညီကိုသာ

Grant ရရှိ၍ ကျန်အသုံးစရိတ်များမှာ Loan အနေဖြင့်သာ ပေးမည်ဖြစ်၍ ချေးငွေချေးယူ၍ ဆောင်ရွက်မှုမပြုခဲ့ခြင်း၊ Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software ဝယ်ယူရန်အတွက် ကမ္ဘာ့ဘဏ်၏ No Objection Letter (Nol) ကို ဩဂုတ်လမှသာ ရရှိခဲ့သည့်အတွက် မသုံးစွဲနိုင်ခြင်းနှင့် ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ/ ထောက်ပံ့ငွေ လျာထားခဲ့သော်လည်း မရရှိသေးသဖြင့် ယင်းနှင့်ဆက်စပ်သည့် အသုံးစရိတ်များ မသုံးစွဲနိုင်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ADB မှ လမ်းတည်ဆောက်ရေးအတွက် Civil Work လုပ်ငန်းများဆိုင်းငံ့ထားခြင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်နေရခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း ပြုလုပ်ပြီးနောက် (၅/၂၀၁၉)လတွင် လုပ်ငန်းစတင်နိုင်သော်လည်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့အတွင်း ရေကြီးရေလျှံမှုကြောင့် စီမံကိန်းလုပ်ငန်းများ ရပ်နားထားရခြင်း၊ ပြည်တွင်း၊ ပြည်ပအကြံပေး ငှားရမ်းခများပေးချေရန်နှင့် စီမံကိန်းအထောက်အကူပြုကြီးကြပ်ခြင်းအတွက် Consultant Charge များပေးချေရန် ကျန်ရှိခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာအရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံဘက်မှ အဆိုပြုထားသော လုပ်ငန်း(၂၂)ခုအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှသာ ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အိန္ဒိယအစိုးရနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်၍ ပြည်ပအကူအညီရငွေများ မရရှိသဖြင့် အဆိုပါလုပ်ငန်း(၂၂)ခုအတွက် အသုံးစရိတ်များကို အထွေထွေ ပိုလျှံရန်ပုံငွေ (GRF) သို့ အပ်နှံခဲ့ရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၁၅၅,၇၅၃.၈၈၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၁၉,၅၇၇.၈၉၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၂.၂၆ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၃၉၄,၂၄၀.၆၁၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၃၇,၀၈၆.၅၄၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၅.၅၀ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ လျော့နည်းရသည့် အကြောင်းရင်းများမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် ရေဝတီမြစ်ဝှမ်းဘက်စုံစီမံ

ဆိုင်ရာဌာနခွဲမှ လုပ်ငန်းများ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနနှင့် ကျန်စီမံချက်လုပ်ငန်းအသီးသီးမှ လုပ်ငန်းများအား လျာထားချက်အတိုင်း မဆောင်ရွက်နိုင်ခဲ့ခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်သည့် Greater Mekong Sub-Region Health Security Project အတွက် ဝယ်ယူရန်လျာထားသည့် အချို့သော စက်ပစ္စည်းများ အရေအတွက်လျော့နည်းဝယ်ယူခဲ့ခြင်း၊ Mobile Lab Van (၁)စီးမှာ တင်ဒါခေါ်ယူရာတွင် လျာထားငွေထက်ပိုမိုများပြားသဖြင့် ဝယ်ယူမှုမပြုခြင်းတို့ကြောင့် လျော့နည်းစာရင်းတင်ရခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**တွင် စက်မှုသင်တန်းကျောင်းများမှ သင်တန်းသားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးပြီးဖြစ်သည့်အတွက် ADB ချေးငွေမှာ အတိုးပေးရခြင်းကြောင့် ချေးယူမှုမပြုတော့ခြင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ADB မှ ချေးယူရငွေဖြင့် ဝယ်ယူပေးမည့် စက်မှုသင်တန်းကျောင်းအတွက် စက်နှင့်စက်ပစ္စည်းများကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းမှသာ ငွေပေးချေခြင်းလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် Project Management Unit (PMU) အဖွဲ့မှ e-mail ဖြင့်အကြောင်းကြားခဲ့ပါသဖြင့် ဘဏ္ဍာရေးနှစ်အမီ ပြီးစီးနိုင်မှု မရှိခြင်းကြောင့် ချေးငွေများလျော့နည်းရရှိခြင်း၊ **(ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် Mini Data Center အတွက် လိုအပ်သော Hardware နှင့် Software ဝယ်ယူရန်အတွက် ကမ္ဘာ့ဘဏ်၏ No Objection Letter (Nol) ကို ဩဂုတ်လမှသာ ရရှိခဲ့သည့်အတွက် မသုံးစွဲနိုင်ခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့် ချေးငွေမရရှိခြင်းနှင့် ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် လျာထားခဲ့သည့် ကမ္ဘာ့ဘဏ်မှ ချေးငွေမရရှိခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် ADB မှ လမ်းတည်ဆောက်ရေးအတွက် Civil Work လုပ်ငန်းများ ဆိုင်းငံ့ထားခြင်းကြောင့် ယင်းအသုံးစရိတ်နှင့် ဆက်စပ်သည့် ချေးငွေများ လျော့နည်းခြင်း၊ CHID Bank မှ အမြတ်ဝေစုအား နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးမှသာ ခွဲဝေပေးမည်ဖြစ်ခြင်း၊ ရေကြီး ရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်

ခန့်ခွဲမှုစီမံကိန်း (AIRBM) အတွက် NWRC HQ & HIC အဆောက်အဦ ဆောက်လုပ်ရန် World Bank ၏ ခွင့်ပြုမိန့်စောင့်ဆိုင်းလျက်ရှိခြင်း၊ အကြံပေး အဖွဲ့များငှားရမ်းရန်နှင့် စက်ပစ္စည်းဝယ်ယူမှုများအတွက် တင်ဒါလုပ်ငန်းစဉ်များ နောက်ကျခြင်း၊ တိုင်းတာရေးရေယာဉ်(၃)စီးအတွက် ငွေပေးချေမှုမရှိသေးခြင်း တို့ကြောင့် ကမ္ဘာ့ဘဏ်မှ ချေးငွေများကို လွှဲပြောင်းပေးအပ်ခြင်းမရှိခြင်းနှင့် Telecommunication Sector Reform Project အတွက် အကြံပေးများအား လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်အရသာ ငှားရမ်းခဲ့ခြင်း၊ စီမံကိန်းအတွက် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူရာတွင် တင်ဒါဈေးနှုန်းလျော့နည်းခြင်းနှင့် Universal Service Fund Pilot Project အား မြို့နယ် (၄) ခုတွင် မြို့နယ် (၂)ခုသာ တင်ဒါအောင်မြင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့ဘဏ်မှ ချေးငွေများကို လွှဲပြောင်းပေးအပ်ခြင်းမရှိသေးပါသဖြင့် ကြွေးမြီရငွေများ လျော့နည်းရရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ဂျပန်နိုင်ငံ JICA (ODA)ချေးငွေ၊ ကိုရီးယား ချေးငွေနှင့် ADB ချေးငွေများမှာ ချေးငွေထုတ်ယူသုံးစွဲမှု လျော့နည်းခဲ့ခြင်း ကြောင့်ဖြစ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်သော သောက်ရေခပ် (၂) ရေအား လျှပ်စစ်စီမံကိန်းအတွက် ဌာနမှစိုက်ထုတ်ပေးချေမည့် EXIM Bank of China ချေးငွေအပေါ် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ဘဏ္ဍာရေးနှစ်အတွင်း အပြည့်အဝ ပေးသွင်းမှုမရှိခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် မြန်မာနိုင်ငံသားများဘဏ်နှင့် ကမ္ဘာ့ရတနာဘဏ်တို့မှ အမြတ်ဝေစုမရရှိသေးခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် ADB ချေးငွေဖြင့်ဆောင်ရွက်သည့် EYE Project (Equipping Youth for Employment Sector Development)အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက် သည့် အခြေခံပညာကျောင်း (၄၈)ကျောင်း ဆောက်လုပ်ရန် ဘဏ္ဍာရေးနှစ်အတွင်း ADB မှ တင်ဒါလုပ်ငန်းစဉ်များ အချိန်မီ ဆောင်ရွက်နိုင်မှု မရှိခြင်းတို့ကြောင့် ချေးငွေများ လျော့နည်းရရှိခြင်း၊ **ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စီမံချက်များဆောင်ရွက်ရန် Work Plan များ ရေးဆွဲခဲ့ သော်လည်း မိခင်နှင့်ကလေးကျန်းမာရေးစီမံချက်လုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု

ပြန်လည်ထူထောင်ရေးအတွက် အချို့လုပ်ငန်းများမှာ Retention Payment ၅% ကျန်ရှိနေခြင်း။

(၂) ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။ (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် SEADRIF သို့ အာမခံကြေးထည့်ဝင်ငွေအတွက် Flood Risk Assessment Platform အား အပြီးသတ် ဆောင်ရွက်ဆဲဖြစ်သဖြင့် အာမခံပရီမီယံကြေး မထည့်ဝင်နိုင်ခြင်း၊ JICA ချေးငွေဖြင့်ဆောင်ရွက်သောအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ထည့်ဝင်ငွေနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ထည့်ဝင်ငွေတို့မှာ ကြွေးမြီအသုံးစရိတ်ခေါင်းစဉ်မှ ထောက်ပံ့ငွေအသုံးစရိတ်ခေါင်းစဉ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သဖြင့် အထွေထွေပိုလျှံရန်ပုံငွေသို့ ပြန်လည်အပ်နှံခဲ့ခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရငွေ၊ သုံးငွေများအပေါ် နှစ်ပတ်လည်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၀.၃၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၅၄.၅၂ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၆၂.၂၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၉၅.၁၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ်ခဲ့ပါသည်။ ယင်းသို့ လိုအပ်ခဲ့ရခြင်းမှာ အထူးသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများနှင့်ပတ်သက်၍ ကြိုတင်ထည့်သွင်းလျာထားသော်လည်း လုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီဖော်ဆောင်ရန် နှောင့်နှေးခြင်းများကြောင့်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၄.၄၄ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၈၁.၈၀ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၅.၅၀ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း

အသုံးစရိတ် ၉၀.၃၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့်နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းခဲ့ပါသည်။

(ဂ) ရငွေပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့သည် အခွန်အကောက်ရငွေများ ပိုမိုကောက်ခံရရှိခဲ့ခြင်းကြောင့် သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

(ဃ) သုံးငွေပိုင်းတွင် ဝန်ထမ်းအင်အား ခန့်အပ်နိုင်မှု ခန့်မှန်းသည်ထက် လျော့နည်းခြင်း၊ ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေများ ဘဏ္ဍာရေးနှစ်အမီ အပြည့်အဝလွှဲပြောင်းပေးပို့လာမှုမရှိခြင်းနှင့် အချို့အား ဆိုင်းငံ့ထားခြင်းနှင့် နိုင်ငံခြားမှမှာယူထားသောစက်ပစ္စည်းများ အချိန်မီမရောက်ရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းခဲ့ခြင်းဖြစ်ရာ ယင်းတို့ကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ အချုပ်အားဖြင့်ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် အခွန်အကောက်ရငွေများနှင့် အခြားသာမန်ရငွေများကို လျာထားချက်အပေါ် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိခြင်းအားဆက်လက်ထိန်းသိမ်းဆောင်ရွက်ပြီး ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကိုဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်သည့် လုပ်ငန်းများအတွက်သာ ပိုမိုတိကျသေချာစွာဖြင့်ထည့်သွင်းလျာထားရန် ပေးအပ်မည့် အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ နှစ်စဉ်လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ချေးငွေစီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ (Feasibility Study) ကာလအတွင်းကပင် သက်ဆိုင်ရာ မြို့ရှင်နိုင်ငံ/အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ကြိုတင်လေ့လာခြင်း၊ Feasibility Study လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်း၊

ချေးငွေစီမံကိန်း၏ တည်ဆောက်ရေးကာလနှင့် ချေးငွေထုတ်ယူသုံးစွဲမည့် အစီအစဉ်(Disbursement Plan)တို့ကို စနစ်တကျရေးဆွဲဆောင်ရွက်ခြင်း၊ ရေးဆွဲထားသည့် အချိန်ဇယားအတိုင်းဆောင်ရွက်နိုင်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ ချေးငွေစီမံကိန်းအတွက် တာဝန်ပေးအပ်ရာတွင် တာဝန်ယူတာဝန်ခံစနစ်ကို ပီပီပြင်ပြင်ကျင့်သုံးဆောင်ရွက်ခြင်း၊ တစ်ဆက်တစ်စပ်တည်း တာဝန်ပေးအပ်ခြင်းတို့ကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၁၂၂,၀၀၀.၃၇၀ | ၃၄,၅၃၃.၃၅၂ | +၈၇,၄၆၇.၀၁၉ | ၁၃၀,၂၄၃.၇၂၃ | ၂၈,၀၇၅.၇၄၄ | +၁၀၂,၁၆၇.၉၇၉ | ၁၀၆.၇၆% | ၈၀.၂၉% |
| | စုစုပေါင်း | ၁၂၂,၀၀၀.၃၇၀ | ၃၄,၅၃၃.၃၅၂ | +၈၇,၄၆၇.၀၁၉ | ၁၃၀,၂၄၃.၇၂၃ | ၂၈,၀၇၅.၇၄၄ | +၁၀၂,၁၆၇.၉၇၉ | ၁၀၆.၇၆% | ၈၀.၂၉% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၁၂၂,၀၀၀.၀၀၀ | ၂၅.၈၇၂.၇၄၄ | +၉၆,၁၂၇.၂၅၆ | ၁၃၀,၂၄၂.၈၄၀ | ၂၅.၆၈၉.၆၇၇ | +၁၀၄,၅၅၃.၁၆၃ | ၁၀၆.၇၆% | ၉၉.၂၉% |
| | စုစုပေါင်း | ၁၂၂,၀၀၀.၀၀၀ | ၂၅.၈၇၂.၇၄၄ | +၉၆,၁၂၇.၂၅၆ | ၁၃၀,၂၄၂.၈၄၀ | ၂၅.၆၈၉.၆၇၇ | +၁၀၄,၅၅၃.၁၆၃ | ၁၀၆.၇၆% | ၉၉.၂၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၀.၃၇၁ | ၈,၆၆၄.၆၀၈ | -၈,၆၆၄.၂၃၇ | ၀.၈၈၃ | ၂,၃၈၆.၀၆၇ | -၂,၃၈၅.၁၈၄ | ၂၃၈.၀၀% | ၂၇.၅၄% |
| | | စုစုပေါင်း | ၀.၃၇၁ | ၈,၆၆၄.၆၀၈ | -၈,၆၆၄.၂၃၇ | ၀.၈၈၃ | ၂,၃၈၆.၀၆၇ | -၂,၃၈၅.၁၈၄ | ၂၃၈.၀၀% | ၂၇.၅၄% |

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁၂,၀၀၀.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၃၀,၂၄၂.၈၄၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၇၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ် ၂၅,၈၇၂.၇၄၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၅,၆၈၉.၆၇၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၉.၂၉ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနနှင့် အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်းကြောင့် လျာထား ချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့၊ ဌာနတွင်းစာရင်းစစ် ဆေးရေးအဖွဲ့၏ ခရီးစဉ်များ လျာထားသည့်အတိုင်း သွားရောက်စစ်ဆေး နိုင်မှုမရှိခြင်း၊ ဆေးခန်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိခြင်း၊ SSB Information System နှင့် SSB Medical Reform တို့အတွက် ပြည်ပ ပညာရှင်များ၏ ညာဏ်ပူဇော်ခများ ခန့်မှန်းတွက်ချက်လျာထားသော်လည်း စတင်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ်၀.၃၇၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၈၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၃၈.၀၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၈,၆၆၄.၆၀၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၃၈၆.၀၆၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၂၇.၅၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းလုပ်ငန်းတို့မှ ပိုငွေများအား စာရင်းစစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်

အရ ပြန်လည်ပေးသွင်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း(၅)ခုမှ နောက်ကျဒဏ်ကြေးများ ပေးသွင်းခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့၏ အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် စက်ပစ္စည်းဝယ်ယူမှုများတွင် တင်ဒါဈေးနှုန်း လျော့နည်းခြင်း၊ ထားဝယ် Special Economic Zone မြေကွက်အား အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းသည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ မြေနေရာခွင့်ပြုမိန့် ပြန်လည်ပေးအပ်ခဲ့ရခြင်းကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ သတင်းအချက်အလက်စနစ် (SSB Information System) လုပ်ငန်းများ တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာရန် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်မရရှိသေးသဖြင့် ဆောင်ရွက်နိုင်မှုမရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၂၀,၃၇၄.၀၀၀ | ၂၅,၃၉၂.၆၈၉ | -၅,၀၁၈.၆၈၉ | ၁၇,၇၆၆.၃၁၃ | ၂၃,၄၉၅.၇၈၀ | -၅,၇၂၉.၄၆၇ | ၈၇.၂၀% | ၉၂.၅၃% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၁၆,၃၇၂.၇၀၃ | ၁,၀၀၇,၇၁၈.၆၁၁ | -၁၉၁,၃၄၅.၉၀၈ | ၅၁၄,၁၀၈.၅၀၈ | ၆၃၀,၁၁၈.၂၈၈ | -၁၁၆,၉၀၉.၇၈၀ | ၆၂.၉၇% | ၆၂.၆၂% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅၃၈,၂၈၄.၇၂၂ | ၄၁၆,၆၇၀.၈၉၇ | +၁၂၁,၆၁၃.၈၂၅ | ၅၃၀,၈၀၀.၀၁၄ | ၄၀၉,၈၀၇.၀၆၄ | +၁၂၀,၉၉၂.၈၅၀ | ၉၈.၆၁% | ၉၈.၃၅% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၅,၃၃၁,၄၈၈.၇၄၁ | ၅,၆၅၂,၃၇၄.၂၁၉ | -၃၂၀,၈၈၅.၄၇၈ | ၅,၄၄၀,၉၂၀.၇၉၅ | ၅,၂၀၄,၆၆၄.၄၇၈ | +၂၃၆,၂၅၇.၃၁၇ | ၁၀၂.၀၅% | ၉၂.၀၈% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၉၄,၅၀၀.၉၉၅ | ၃၉၂,၈၃၈.၇၂၃ | -၂၉၈,၃၃၆.၇၂၈ | ၉၅,၉၁၄.၄၄၀ | ၃၄၈,၉၆၄.၉၁၂ | -၂၅၃,၀၅၀.၄၇၁ | ၁၀၁.၄၉% | ၈၈.၈၃% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၀၉၄,၂၈၇.၅၁၄ | ၁,၁၆၀,၀၁၉.၅၀၄ | -၆၅,၇၃၁.၉၉၀ | ၁,၁၁၂,၅၅၃.၀၉၃ | ၁,၀၃၀,၄၅၉.၄၂၉ | +၈၂,၀၉၃.၆၆၄ | ၁၀၁.၆၇% | ၈၈.၈၃% |
| | | စုစုပေါင်း | ၇,၈၉၅,၃၀၉.၆၇၅ | ၈,၆၅၅,၀၁၄.၆၄၃ | -၇၅၉,၇၂၄.၉၆၈ | ၇,၇၁၂,၀၆၄.၁၆၄ | ၇,၆၄၈,၄၁၀.၀၅၁ | +၆၃,၆၅၄.၁၁၃ | ၉၇.၆၈% | ၈၈.၃၇% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၂၀,၃၇၄.၀၀၀ | ၂၄,၆၇၂.၇၅၈ | -၄.၂၉၈.၇၅၈ | ၁၇,၇၆၆.၃၁၃ | ၂၂.၈၇၉.၁၄၅ | -၅.၁၁၂.၈၃၂ | ၈၇.၂၀% | ၉၂.၇၃% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၀၈,၅၅၂.၉၈၉ | ၂၆၆,၀၀၃.၇၁၆ | +၄၂.၄၄၉.၂၇၃ | ၃၃၂.၅၆၀.၇၀၀ | ၂၅၅.၂၈၈.၇၅၀ | +၇၇.၂၇၁.၉၅၀ | ၁၀၇.၇၈% | ၉၅.၉၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅၃၈,၂၃၆.၆၃၇ | ၄၁၃,၁၂၉.၁၅၈ | +၁၂၅,၁၀၇.၄၇၉ | ၅၃၀,၇၄၁.၂၅၆ | ၄၀၆,၈၀၀.၀၃၆ | +၁၂၃,၉၄၁.၂၂၀ | ၉၈.၆၀% | ၉၈.၄၇% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၄.၉၉၄.၄၁၉.၂၄၉ | ၄.၉၄၇.၇၀၂.၈၆၆ | +၄၆,၇၁၆.၃၈၃ | ၅.၂၅၆,၈၀၃.၀၀၀ | ၄.၆၉၉.၃၆၆.၃၇၀ | +၅၅၇.၄၃၆.၆၃၀ | ၁၀၅.၂၅% | ၉၄.၉၈% |
| | ၅ | စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၉၄,၄၅၆.၈၁၄ | ၁၅၂.၀၂၇.၇၆၈ | -၅၇.၅၇၀.၉၅၄ | ၉၅.၂၄၃.၄၇၇ | ၁၃၆,၆၆၂.၀၂၄ | -၄၁,၄၁၈.၅၄၇ | ၁၀၀.၈၃% | ၈၉.၈၉% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈၁၇,၉၄၆.၂၆၉ | ၈၄၅.၉၃၂.၀၇၄ | -၂၇.၉၈၅.၈၀၅ | ၉၄၀,၇၇၃.၀၅၄ | ၈၄၁,၁၁၂.၉၆၂ | +၉၉.၂၆၀.၀၉၂ | ၁၁၄.၉၇% | ၉၉.၄၃% |
| | | စုစုပေါင်း | ၆,၇၇၃.၉၈၅.၉၅၈ | ၆,၆၄၉.၅၆၈.၃၄၀ | +၁၂၄,၄၁၇.၆၁၈ | ၇.၁၇၃.၄၈၇.၈၀၁ | ၆,၃၆၂.၁၀၉.၂၈၇ | +၈၁၁,၃၇၈.၅၁၄ | ၁၀၅.၉၀% | ၉၅.၆၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ).

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၇၁၉.၉၃၁ | -၇၁၉.၉၃၁ | | ၆၁၆.၆၃၅ | -၆၁၆.၆၃၅ | | ၈၅.၆၅% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၂,၃၁၂.၀၉၄ | ၇၀၃,၇၈၉.၂၃၉ | -၆၈၁,၄၇၇.၀၄၅ | ၁၇,၆၄၁.၇၄၇ | ၃၄၈,၉၂၈.၃၃၈ | -၃၃၁,၂၈၆.၅၉၁ | ၇၉.၀၇% | ၄၉.၅၈% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၈.၀၈၅ | ၃,၅၄၁.၇၃၉ | -၃,၄၉၃.၆၅၄ | ၅၈.၇၅၈ | ၃,၀၀၇.၁၂၈ | -၂,၉၄၈.၃၇၀ | ၁၂၂.၂၀% | ၈၄.၉၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၀၉၃.၆၉၄ | ၄၅၈,၁၇၅.၅၃၄ | -၄၅၆,၀၈၁.၈၄၀ | ၁,၂၇၇.၃၄၈ | ၂၆၉,၀၀၄.၃၈၃ | -၂၆၇,၇၂၇.၀၃၅ | ၆၁.၀၀% | ၅၈.၇၁% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၄၅.၁၈၁ | ၉၇,၈၅၂.၅၂၂ | -၉၇,၈၀၇.၃၄၁ | ၆၇၀.၉၆၄ | ၇၉,၃၈၃.၈၈၀ | -၇၈,၇၁၂.၉၁၆ | ၁၄၈၅.၀၆% | ၈၁.၀၃% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၆,၂၄၈.၇၈၂ | ၃၁,၅၂၇.၆၈၀ | -၂၅,၂၇၈.၈၉၈ | ၂,၀၄၅.၃၆၂ | ၂၀,၀၉၈.၆၁၅ | -၁၈,၀၅၃.၂၅၃ | ၃၂.၇၃% | ၆၃.၇၅% |
| | | စုစုပေါင်း | ၃၀,၇၄၇.၈၃၆ | ၁,၂၉၅.၆၀၆.၆၄၅ | -၁,၂၆၄,၈၅၈.၈၀၉ | ၂၁,၆၉၄.၁၃၉ | ၇၂၁,၀၃၈.၉၇၉ | -၆၉၉,၃၄၄.၈၀၀ | ၇၀.၅၆% | ၅၅.၆၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၈၅,၅၀၇.၆၂၀ | ၃၇,၈၂၅.၆၅၆ | +၄၄၇,၆၈၁.၉၆၄ | ၁၆၃,၉၀၆.၀၆၀ | ၂၆,၈၀၁.၂၀၀ | +၁၃၇,၁၀၄.၈၆၀ | ၃၃.၇၆% | ၇၀.၈၅% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၃၃၄,၉၇၅.၇၉၈ | ၂၄၆,၄၉၅.၈၁၉ | +၈၈,၄၇၉.၉၇၉ | ၁၈၂,၈၄၁.၄၄၇ | ၂၃၆,၂၉၃.၇၂၅ | -၅၃,၄၅၂.၂၇၈ | ၅၄.၅၈% | ၉၅.၈၆% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | | ၁၄၂,၉၅၈.၄၃၃ | -၁၄၂,၉၅၈.၄၃၃ | | ၁၃၂,၉၁၉.၀၀၈ | -၁၃၂,၉၁၉.၀၀၈ | | ၉၂.၉၈% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၇၀,၀၉၂.၄၆၃ | ၂၈၂,၅၇၉.၇၅၀ | -၁၂,၄၈၇.၂၈၇ | ၁၇၀,၁၃၄.၆၇၇ | ၁၆၉,၂၄၇.၈၅၂ | +၈၈၆.၈၂၅ | ၆၂.၉၉% | ၅၉.၈၉% |
| | | စုစုပေါင်း | ၁,၀၉၀,၅၇၅.၈၈၁ | ၇၀၉,၈၅၉.၆၅၈ | +၃၈၀,၇၁၆.၂၂၃ | ၅၁၆,၈၈၂.၁၈၄ | ၅၆၅,၂၆၁.၇၈၅ | -၄၈,၃၇၉.၆၀၁ | ၄၇.၄၀% | ၇၉.၆၃% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၆,၇၇၃,၉၈၅.၉၅၈ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၇,၁၇၃,၄၈၇.၈၀၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၅.၉၀ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၆,၆၄၉,၅၆၈.၃၄၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၃၆၂,၁၀၉.၂၈၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၆၈ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတွင် ကူးတို့လိုင်းအသစ်တိုးချဲ့ပြေးဆွဲခြင်း၊ မြန်မာ့မီးရထားတွင် ဘိလပ်မြေများကို အဓိကကုန်ပစ္စည်းအနေဖြင့် တင်ပို့နိုင်ခြင်း၊ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းတွင် J0 မှ အမြတ်ဝေစု ပိုမိုရရှိခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် စာပို့တိုက်စီရင်အုပ်ချုပ်မှုဆိုင်ရာ ရငွေများပိုမိုရရှိခြင်း၊ **သျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန၊** မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွှေကမ်းလွန်စီမံကိန်းမှ ထုတ် လုပ်မှုပမာဏတိုးမြင့်ရောင်းချနိုင်ခြင်း၊ ရဲတံခွန်စီမံကိန်းမှ လေဆီ (Condensate) တင်ပို့ရောင်းချရာတွင် ရေနံစိမ်းဈေးနှုန်းများမြင့်တက်ခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန၊** အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းတွင် ကျောင်းစိမ်း ပုဆိုး/လုံချည်များ၊ ဆေးရုံသုံးကုတင် များ၊ဆေးရုံသုံးပရိဘောဂများနှင့် ဆေးရုံသုံး ပတ်တီးများရောင်းရငွေပိုမိုရရှိခြင်း၊ ကော့စတစ်ဆိုဒါစက်ရုံ (စီမံကိန်း)ရပ်ဆိုင်း သဖြင့် NORINCO CO., Ltd သို့ Down Payment ပေးသွင်းခဲ့သည့် ငွေများ ပြန်လည်ရရှိခဲ့ခြင်း၊ **(ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် နိုင်ငံခြား အဆက်အသွယ်ဘဏ်များ၌ နိုင်ငံခြားငွေများ အချိန်ပိုင်းအပ်နှံထားရှိရာတွင် အတိုးနှုန်းမြင့်မားစွာရရှိခြင်း၊ မြန်မာကျပ်ငွေလဲလှယ်နှုန်းမြင့်မားခဲ့ခြင်း၊ ကုန်သွယ် မှုဆိုင်ရာချေးငွေများ ထုတ်ချေးခြင်းတို့မှ အတိုးဝင်ငွေများ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရရှိငွေများ၊ အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များ ရင်းနှီးမြှုပ်နှံမှုမှ အတိုးရငွေများ၊ အာမခံရငွေများပိုမိုရရှိခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၃၀,၇၄၇.၈၃၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၂၁,၆၉၄.၁၇၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၀.၅၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၂၉၅,၆၀၆.၆၄၅ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၂၁,၀၃၈.၉၇၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၅.၆၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရငွေ လျာထားခြင်းမရှိသော်လည်း အမှတ်(၁)သတ္တုတွင်းလုပ်ငန်း နမ္မတူဘော်တွင်းမှ အဆောက်အဦ(၄)လုံးနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ အဆောက်အဦများ၊ ရှုံးသုံးပရိဘောဂများ၏ ဆယ်တင်ပစ္စည်းများအား လေလံတင်ရောင်းချရငွေများ ရရှိခဲ့ခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန**တွင် ဂိုဒေါင်ဟောင်းများနှင့် အဆောက်အဦဟောင်းများ ဆယ်တင်ရောင်းချခြင်းတို့မှ ရငွေများ၊ ရေယာဉ်များအား ကုမ္ပဏီများသို့ လေလံစနစ်ဖြင့်ရောင်းချခြင်းမှ ရငွေ၊ သံတောင်ကြီးစင်ကိုနာစိုက်ကွင်းမြေနှင့်အပင်များ စိုက်ပျိုးကုန်ကျစရိတ်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးသွင်းငွေများရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း၊

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံအကူအညီဖြင့် JICS (Japan International Cooperation System)မှစက်ပစ္စည်းဝယ်ယူခြင်းအတွက် စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းတွင် ပြေးဆွဲအသုံးပြုရန် JICS အထောက်အပံ့ဖြင့် Train Carအစီး(၃၀)အကူအညီပေးရေးစီမံကိန်းမှာ Payment Schedule အရ Second Agent Fee အား တောင်းခံမှုမရှိခြင်းကြောင့် လျော့နည်းရရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် KFW Grant ဖြင့် ငှားရမ်းသည့် နိုင်ငံတကာအကြံပေးစာချုပ်အတွက် Advance Payment ၁၀ % သာပေးချေနိုင်ခြင်း၊ ပစ္စည်းဝယ်ယူရေး ဆောင်ရွက်ရာတွင် Data အချက်အလက်များပြင်ဆင်ဆဲဖြစ်သဖြင့် စာချုပ်တန်ဖိုး၏ ၂၀% ကိုသာပေးချေ

ခဲ့ရခြင်းကြောင့် ရရှိမှုလျော့နည်းခြင်း၊ (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော Core Banking Solution လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ စက်ပစ္စည်းများပေးသွင်းမှုအပေါ် ငွေပေးချေရခြင်းကြောင့် ရရှိမှုလျော့နည်းခြင်း၊

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့် အချို့စီမံကိန်းလုပ်ငန်းများအား ညှိနှိုင်းဆဲဖြစ်၍ စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့်ညှိနှိုင်းဆဲဖြစ်၍ စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊** မြန်မာ့သစ်လုပ်ငန်းတွင် စက်ပစ္စည်းနှင့် ရုံးသုံးကိရိယာများ၊ သစ်တိုက်ယန္တရားများ ဝယ်ယူဆောင်ရွက်ရာတွင် တင်ဒါစနစ်ဖြင့်ဝယ်ယူ၍ ဈေးနှုန်းသက်သာခြင်း၊ သစ်အခြေခံစက်ပစ္စည်းအသစ်များ ဝယ်ယူရန် နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြင့်လာ၍ တင်ဒါမအောင်မြင်ခြင်း၊ ဌာနအစီအစဉ်ဖြင့် ဝယ်ယူရန်ဆောင်ရွက်ရာတွင် ပြည်တွင်းတွင် စက်ပစ္စည်းအသစ်များ ဝယ်ယူမရရှိ၍ မဝယ်ယူခဲ့ရခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း၊ ဆင်စခန်းများတွင် လျှပ်စစ်မီးသွယ်တန်းခြင်းအတွက် တင်ဒါပေးသွင်းမှုလျော့နည်းခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ဝန်ထမ်းနေအိမ်အဆောက်အဦ(၁)လုံးအား တင်ဒါခေါ်ယူ၍ တည်ဆောက်ခဲ့ရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်(၇၅%)သာဆောင်ရွက်နိုင်ခဲ့သဖြင့် လျော့နည်းသုံးစွဲခဲ့ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် World Bank ချေးငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများ Commissioning ဆောင်ရွက်နေစဉ် ချို့ယွင်းမှုများဖြစ်ပေါ်ခဲ့၍ စီးပွားဖြစ်လည်ပတ်နိုင်မှုမရှိခြင်းကြောင့်ငွေပေးချေနိုင်မှုမရှိခြင်း၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင်World Bank ချေးငွေဖြင့်ဆောင်ရွက်သော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် နိုင်ငံခြားမှမှာယူထားသော ပစ္စည်းများအပြည့်အဝမရောက်ရှိခြင်း၊ JICA MY-P17

နှင့် JICA MY-P20 ချေးငွေနှင့် KFW ချေးငွေလုပ်ငန်းများတွင် ပစ္စည်းများ အပြည့်အဝမရောက်ရှိခြင်းနှင့် Bidding Document များပြင်ဆင်ဆဲဖြစ်သဖြင့် ပစ္စည်းဝယ်ယူရေးစာချုပ် ချုပ်ဆိုနိုင်မှုမရှိခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် ၂၀ လက်မ နှင့် ၁၀လက်မ Steel Line Pipeများသည် Supplier မှ သတ်မှတ်ဘတ်ဂျက်ကာလအတွင်း ပစ္စည်းများကိုအချိန်မီ တင်ပို့နိုင်ခြင်းမရှိ သည့်အတွက် ငွေပေးချေနိုင်မှုမရှိခဲ့ခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန**၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတို့သည် တည် ဆောက်ရေးလုပ်ငန်းများနှင့် စက်နှင့်စက်ပစ္စည်းများတွင် တင်ဒါဈေးနှုန်းစိစစ် ခဲ့ခြင်း၊ Danieli Co.,Ltd. သို့ Interest on Late Payment ပေးချေနိုင်ရန် အတွက် စီးပွားရေးရာကော်မတီ၏ ခွင့်ပြုမိန့်မရရှိခြင်း၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်းတွင် စက်ရုံများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့အပ်နှံ ထားသော်လည်း နိုင်ငံတော်၏မူဝါဒအရ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ စက်ပစ္စည်း ရွှေ့ပြောင်းစရိတ်များ သုံးစွဲမှုမရှိခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် တင်ဒါစိစစ်ရရှိမှုသည် ခွင့်ပြုငွေထက် ကျော်လွန်သဖြင့် ပစ္စည်းဝယ်ယူနိုင်မှုမရှိ ခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **(ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် Core Banking Solution အတွက် စက်ပစ္စည်းဝယ်ယူရာတွင် ကမ္ဘာ့ဘဏ်၏ စက်ပစ္စည်းဝယ်ယူရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် ကိုက်ညီမှုမရှိသဖြင့် စာချုပ် ချုပ်ဆိုနိုင်မှုမရှိခြင်း၊ Software ဝယ်ယူရာတွင်ပြီးစီးမှုအဆင့်လိုက်ငွေပေးချေရ ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၀၉၀,၅၇၅.၈၈၁ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၅၁၆,၈၈၂.၁၈၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၇.၄၀ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၇၀၉,၈၅၉.၆၅၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၆၅,၂၆၁.၇၈၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၉.၆၃ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) ကြွေးမြီရငွေလျော့နည်းရရှိမှု။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် အချို့စီမံကိန်းလုပ်ငန်းများအတွက် ညှိနှိုင်းဆဲဖြစ်၍စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့်ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များအဆင့်မြှင့်တင်မှုစီမံကိန်းအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့်ညှိနှိုင်းဆဲဖြစ်၍ စာချုပ်ချုပ်ဆိုနိုင်မှု မရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင်World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် တာဘိုင် စက်(၂)လုံးနှင့်ရေနွေးငွေ့တာဘိုင်စက်များစီးပွားဖြစ်မောင်းနှင်နိုင်ရန် Commissioning ဆောင်ရွက်နေစဉ် စက်ချို့ယွင်းမှုများဖြစ်ပေါ်ခဲ့၍ ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း တိုးတက်ဆောင်ရွက်ရန်အတွက် Steel Parts ဝယ်ယူခြင်းလုပ်ငန်း၌ Guangdong ကုမ္ပဏီမှ ပစ္စည်းများပေးသွင်းရန် ပျက်ကွက်ခြင်း၊ JICA MY-P17 , JICA MY-P20 နှင့် KFW ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများတွင် တင်ဒါစိစစ်ပြင်ဆင်ဆဲဖြစ်၍ ငွေပေးချေမှုလျော့နည်းခဲ့ခြင်း၊ (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် World Bank မှ ODA နှင့် PFM ဆိုင်ရာ Consultant Fees နှင့် JICA ချေးငွေဖြင့် ဆောင်ရွက်သော ODA Phase II နှင့် Housing Loan တို့အား အပြည့်အဝရယူသုံးစွဲနိုင်မှုမရှိခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် JICA ချေးငွေများအား အပြည့်အဝရယူနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၂) ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခဲ့ခြင်းနှင့် တရုတ်ချေးငွေ အရင်းပေးဆပ်ရန် လျာထားခဲ့သော်လည်း ငွေတောင်းခံမှုမရှိခြင်းကြောင့် လျော့နည်းခြင်း၊ (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် ODA Housing Loan နှင့် ODA Phase II အတွက် ချေးငွေများအပြည့်အဝထုတ်ချေးနိုင်မှု မရှိခဲ့ခြင်း တို့ကြောင့် လျော့နည်းသုံးစွဲခြင်း။

ခြုံငုံသုံးသပ်ချက်

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်း အရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေသုံးငွေအပေါ် နှစ်ပတ်လည်ကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ရငွေပိုင်းတွင်** အကောင်အထည်ဖော်နိုင်မှုမှာ သာမန်ရငွေရရှိမှု ၁၀၅.၉၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၇၀.၅၆ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၇.၄၀ ရာခိုင်နှုန်း၊ စုစုပေါင်းရငွေရရှိမှု ၉၇.၆၈ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်ရငွေပိုင်းတွင် လျာထားချက် ထက်ကျော်လွန်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း၊ ငွေလုံးငွေရင်း ရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်နှင့် အနီးစပ်ဆုံး လျာထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) **သုံးငွေပိုင်းတွင်** သာမန်အသုံးစရိတ် ၉၅.၆၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၅.၆၅ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၇၉.၆၃ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံး စရိတ် ၈၈.၃၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်သုံးငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်း အသုံးစရိတ် အကောင်အထည်ဖော်နိုင်မှုမှာ ပြုပြင်ပြီးခန့်မှန်းခြေအောက် လျော့နည်းသဖြင့် အနီးစပ်ဆုံးလျာထားရန်လိုအပ်ပါကြောင်းနှင့် ကြွေးမြီ အသုံးစရိတ်တွင် လျာထားချက်အောက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရ ပါသည်။

(ဂ) **ရငွေပိုင်းတွင်** ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၌ ကူးတို့လိုင်းအသစ်တိုးချဲ့ ပြေးဆွဲနိုင်ခဲ့ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ၂၀ မှ ခန့်မှန်းအမြတ် ဝေစုထက် ပိုမိုရရှိခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွှေကမ်းလွန် စီမံကိန်းမှ ထုတ်လုပ်မှုပမာဏတိုးမြှင့်ရောင်းချနိုင်ခဲ့ခြင်းနှင့် (ယခင်) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်ဘဏ်များမှ အတိုးရငွေများ၊ ကုန်သွယ်မှု ချေးငွေများမှ အတိုးဝင်ငွေများနှင့် အာမခံရငွေများ ပိုမိုရရှိခဲ့ခြင်းတို့ကြောင့် သာမန်ရငွေတွင် လျာထားချက်ထက် ရာခိုင်နှုန်းပြည့်မီ ကျော်လွန်၍ ရရှိခဲ့ ကြောင်း တွေ့ရှိရပါသည်။

(ဃ) သုံးငွေပိုင်းတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၌ ကုမ္ပဏီများနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ တင်ဒါအောင်မြင်မှုမရရှိခဲ့ခြင်း၊ ချေးငွေပေးသည့် အဖွဲ့အစည်းများ၏ ဝယ်ယူရေး Guideline များနှင့် ညီညွတ်မှု မရှိခြင်းတို့ကြောင့် စာချုပ်များအချိန်မီ မချုပ်ဆိုနိုင်ခြင်းနှင့် နိုင်ငံခြားမှ မှာယူထားသောပစ္စည်းများ အချိန်မီမရောက်ရှိခြင်းနှင့် မြန်မာ့စီးပွားရေးဘဏ်တွင် ODA Housing Loan နှင့် ODA Phase II အတွက် ချေးငွေများ အပြည့်အဝထုတ်ချေးပေးနိုင်မှု မရှိခဲ့ခြင်းတို့ကြောင့် ကြွေးမြီအသုံးစရိတ်တွင် လျော့နည်းနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ အချုပ်အားဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ယာယီအမှန်စာရင်းအရ ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေအပေါ် ရာခိုင်းနှုန်းပြည့်နီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သုံးငွေပိုင်းတွင် ရာခိုင်နှုန်းအားဖြင့် အထိုက်အလျောက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၆၆,၆၆၀.၃၉၄ | ၅၁၅,၀၃၂.၅၄၁ | -၄၈,၃၇၁.၁၄၇ | ၄၁၀,၅၉၁.၆၃၃ | ၄၄၅,၄၃၇.၆၉၆ | -၃၄,၈၄၆.၀၆၃ | ၈၇.၉၈% | ၈၆.၄၉% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၀၃၇,၅၂၄.၄၀၄ | ၁,၀၅၉,၀၀၅.၄၇၄ | -၂၁,၄၈၁.၀၇၀ | ၁,၀၆၂,၈၄၀.၀၆၈ | ၁,၀၃၇,၉၅၇.၂၉၂ | +၂၄,၈၈၂.၇၇၆ | ၁၀၂.၄၄% | ၉၈.၀၀% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၇၂၈,၁၇၆.၄၃၃ | ၇၄၀,၉၀၀.၅၇၂ | -၁၃,၇၂၄.၁၃၉ | ၇၆၁,၄၇၉.၈၈၆ | ၇၃၀,၈၃၈.၄၈၂ | +၃၀,၆၄၁.၄၀၄ | ၁၀၄.၅၇% | ၉၈.၅၁% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၉,၃၄၇.၉၇၁ | ၃၁၇,၁၀၄.၉၀၂ | -၇,၇၅၆.၉၃၁ | ၃၀၁,၃၆၀.၁၈၂ | ၃၀၇,၁၁၈.၈၁၀ | -၅,၇၅၈.၆၂၈ | ၉၇.၄၂% | ၉၆.၈၅% |
| | | စုစုပေါင်း | ၁,၅၀၄,၁၈၅.၇၉၈ | ၁,၅၃၄,၀၃၈.၀၁၅ | -၆၉,၈၅၂.၂၀၇ | ၁,၄၇၇,၄၃၀.၇၀၀ | ၁,၄၈၃,၃၉၄.၉၈၈ | -၉,၉၆၃.၂၈၇ | ၉၇.၉၆% | ၉၄.၂၄% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၆၉,၈၇၀.၇၉၀ | ၂၆၅,၀၇၈.၆၅၈ | +၄,၇၉၂.၁၃၂ | ၂၇၄,၅၄၈.၉၉၅ | ၂၆၀,၅၆၆.၉၈၃ | +၁၃,၉၈၂.၀၁၂ | ၁၀၁.၇၃% | ၉၈.၂၀% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၀၀၃,၃၀၂.၅၅၄ | ၉၉၆,၈၈၃.၂၆၆ | +၆,၄၁၉.၂၈၈ | ၁,၀၃၆,၇၆၅.၈၆၅ | ၉၈၇,၃၅၉.၂၇၉ | +၄၉,၄၀၆.၅၈၆ | ၁၀၃.၃၄% | ၉၉.၀၄% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၇၀၈,၀၄၀.၉၈၉ | ၇၀၀,၁၆၂.၃၇၅ | +၇,၈၇၈.၆၁၄ | ၇၄၈,၀၀၃.၀၆၇ | ၆၉၈,၃၄၂.၅၂၈ | +၄၉,၆၇၄.၅၃၉ | ၁၀၅.၆၅% | ၉၉.၇၄% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၂၉၅,၂၆၁.၅၆၅ | ၂၉၆,၇၂၀.၈၉၁ | -၁,၄၅၉.၃၂၆ | ၂၈၈,၇၄၈.၇၉၈ | ၂၈၉,၀၁၆.၇၅၁ | -၂၆၇.၉၅၃ | ၉၇.၇၉% | ၉၇.၄၀% |
| | စုစုပေါင်း | ၁,၂၇၃,၁၇၃.၃၄၄ | ၁,၂၆၁,၉၆၀.၉၂၄ | +၁၁,၂၁၁.၄၂၀ | ၁,၃၁၁,၃၁၄.၈၆၀ | ၁,၂၄၇,၉၂၆.၂၆၂ | +၆၃,၃၈၈.၅၉၈ | ၁၀၃.၀၀% | ၉၈.၈၉% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆,၃၉၀.၆၈၉ | ၂၂၀,၂၄၃.၄၈၃ | -၂၁၃,၈၅၂.၇၉၄ | ၄,၁၄၄.၁၈၉ | ၁၅၅,၃၉၆.၃၄၇ | -၁၅၀,၂၅၂.၁၅၈ | ၆၄.၈၄% | ၇၀.၅၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၆၂,၁၂၂.၂၀၈ | -၆၂,၁၂၂.၂၀၈ | | ၅၀,၅၉၈.၀၁၃ | -၅၀,၅၉၈.၀၁၃ | | ၈၁.၄၅% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၄၁,၇၃၈.၁၉၇ | -၄၁,၇၃၈.၁၉၇ | | ၃၂,၄၉၅.၉၅၄ | -၃၂,၄၉၅.၉၅၄ | | ၇၇.၈၆% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၂၀,၃၈၄.၀၁၁ | -၂၀,၃၈၄.၀၁၁ | | ၁၈,၁၀၂.၀၅၉ | -၁၈,၁၀၂.၀၅၉ | | ၈၈.၈၁% |
| | | စုစုပေါင်း | ၆,၃၉၀.၆၈၉ | ၂၈၂,၃၆၅.၆၉၁ | -၂၇၅,၉၇၄.၀၀၂ | ၄,၁၄၄.၁၈၉ | ၂၀၅,၉၉၄.၃၆၀ | - ၂၀၁,၈၅၀.၁၇၁ | ၆၄.၈၄% | ၇၂.၉၅% |

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

### (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၀,၃၉၈.၉၁၅ | ၂၉,၇၀၀.၄၀၀ | +၁၆၀,၆၉၈.၅၁၅ | ၁၃၁,၈၉၈.၄၄၉ | ၂၉,၄၃၄.၃၆၆ | +၁၀၂,၄၆၄.၀၈၃ | ၆၉.၂၇% | ၉၉.၁၀% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃၄,၂၂၁.၈၅၀ | | +၃၄,၂၂၁.၈၅၀ | ၂၆,၀၇၄.၂၀၃ | | +၂၆၀၇၄.၂၀၃ | ၇၆.၁၉% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၂၀,၁၃၅.၄၄၄ | | +၂၀,၁၃၅.၄၄၄ | ၁၃၄၆၂.၈၁၉ | | +၁၃,၄၆၂.၈၁၉ | ၆၆.၈၆% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၄,၀၈၆.၄၀၆ | | +၁၄,၀၈၆.၄၀၆ | ၁၂၆၁၁.၃၈၄ | | +၁၂,၆၁၁.၃၈၄ | ၈၉.၅၃% | |
| | | စုစုပေါင်း | ၂၂၄,၆၂၀.၇၆၅ | ၂၉,၇၀၀.၄၀၀ | +၁၉၄,၉၂၀.၃၆၅ | ၁၅၇,၉၇၂.၆၅၂ | ၂၉,၄၃၄.၃၆၆ | +၁၂၈,၅၃၈.၂၈၆ | ၇၀.၃၃% | ၉၉.၁၀% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၂၇၃,၁၇၃.၃၄၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၁၁,၃၁၄.၈၆၀ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၀၃.၀၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၂၆၁,၉၆၁.၉၂၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁,၂၄၇,၉၂၆.၂၆၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၈.၈၉ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ပိုမို ရသည့် အခြေအနေများမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ကုန်စည်အခွန်အခများ၊ ငှားရမ်းခများ၊ မီးပြတိုက်ဝင်ငွေများပိုမိုရရှိခြင်းနှင့်မြန်မာအမျိုးသားလေကြောင်းတွင်ခရီးစဉ်လမ်းကြောင်းများပိုမိုပြေးဆွဲရခြင်းတို့ကြောင့် ပိုမိုခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ၇/၂၀၁၉လမှစ၍ ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခဲ့ခြင်းကြောင့်လည်းကောင်း၊ စက်မှုသုံးနှုန်းထားများ တိုးမြှင့်သုံးစွဲခြင်းကြောင့်လည်းကောင်း လျာထားချက်ထက် ပိုမိုရရှိခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၆,၃၉၁.၆၈၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၁၄၄.၁၈၉ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၆၄.၈၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၂၈၂,၃၆၅.၆၉၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၀၅,၉၉၄.၃၆၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၂.၉၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ လျော့နည်းရသည့် အခြေအနေများမှာ အောက်ပါအတိုင်း တွေ့ရှိရ ပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် သက်တမ်းပြည့်ပြေးဆွဲပြီး လေယာဉ် (၂) စီးအား LTR Co.,Ltd သို့ ရောင်းချခဲ့ပြီး နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့် အဆိုပါရောင်းရငွေအား LTR Co.,Ltd မှ ဝယ်ယူသည့် လေယာဉ် အရန်ပစ္စည်းနှင့် လေယာဉ်အစိတ်အပိုင်းများ ဝယ်ယူခြင်းအသုံးစရိတ်နှင့် စာရင်းခုနှိမ်ပေးချေလိုက်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့်ဆောင်ရွက်သောတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသော်လည်း Payment များအား JICA Guideline နှင့်အညီပေးချေရ၍လျော့နည်းခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းသည် မဖြစ်မနေသုံးစွဲရမည့် Baggage Tractor နှင့် Tow Bar တို့ကိုသာ ဝယ်ယူခဲ့ပြီး Vacuum Cleaner နှင့် Headset များဝယ်ယူနိုင်မှုမရှိခဲ့ခြင်းကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ဓာတ်အားလိုင်းများ ဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူ၍ ဈေးနှုန်းစိစစ်ဝယ်ယူခဲ့ခြင်း၊ ရုံးသုံးပရိဘောဂများတွင် လျာထားဈေးနှုန်းထက်ကျော်လွန်၍ ဝယ်ယူခဲ့မှုမရှိခြင်း၊ မြေယာလျော်ကြေးပေးချေရမှုများလျော့နည်းခဲ့ခြင်း၊ JICA ချေးငွေဖြင့် ဆောင်ရွက်သည့် စာချုပ်(၂)ခုနှင့် World Bank ချေးငွေဖြင့်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတို့အတွက် Advance Payment(10%) သာ ပေးချေခဲ့ခြင်းနှင့် Custom Duty၊ Commercial Tax (၈%) လျာထားခဲ့သော်လည်း (၃%) သာ ပေးချေခဲ့ရသဖြင့်လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေကျပ် ၂၃၄,၆၂၀.၇၆၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၅၇,၉၇၂.၆၅၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၀.၃၃ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၂၉,၇၁၀.၄၀၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၉,၄၇၄.၃၆၆ သန်းဖြစ်သဖြင့်ရာခိုင်နှုန်း ၉၉.၂၁ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ လျော့နည်းရသည့် အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(ဃ) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများပြီးစီးသော်လည်း Payment အစီအစဉ်အရ JICA Guideline နှင့်အညီ ပေးချေရ၍ လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် Advanced Payment (10%)ကိုသာ ပေးချေနိုင်ခဲ့ခြင်းနှင့် JICA ODA ချေးငွေအောက်မှ ပေးချေရန် လျာထားသည့်လုပ်ငန်းများတွင် စာချုပ်(၄)ခုမှာ အပြည့်ပေးချေနိုင်ခဲ့သော်လည်း စာချုပ်(၂)ခု အတွက် Advanced Payment (10%)ကိုသာပေးချေနိုင်ခဲ့ခြင်းနှင့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါစိစစ်ခဲ့ခြင်းကြောင့် လျော့နည်းရရှိခြင်း။

နောက်ဆက်တွဲ(စ)



၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၅၅၅.၄၈၂ | ၁,၃၈၁.၈၁၀ | +၁၇၃.၆၇၂ | ၁,၆၈၂.၃၅၅ | ၁,၃၂၅.၆၇၆ | +၃၅၆.၆၇၉ | ၁၀၈.၁၆% | ၉၅.၉၄% |
| | စုစုပေါင်း | ၁၅၅၅.၄၈၂ | ၁၃၈၁.၈၁၀ | +၁၇၃.၆၇၂ | ၁,၆၈၂.၃၅၅ | ၁၃၂၅.၆၇၆ | +၃၅၆.၆၇၉ | ၁၀၈.၁၆% | ၉၅.၉၄% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၅၅၅.၄၈၂ | ၁,၃၈၁.၈၁၀ | +၁၇၃.၆၇၂ | ၁၆၈၂.၃၅၅ | ၁၃၂၅.၆၇၆ | +၃၅၆.၆၇၉ | ၁၀၈.၁၆% | ၉၅.၉၄% |
| | စုစုပေါင်း | ၁၅၅၅.၄၈၂ | ၁၃၈၁.၈၁၀ | +၁၇၃.၆၇၂ | ၁,၆၈၂.၃၅၅ | ၁၃၂၅.၆၇၆ | +၃၅၆.၆၇၉ | ၁၀၈.၁၆% | ၉၅.၉၄% |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ
## ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၅၅၅.၄၈၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၆၈၂.၃၅၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၁၆ဖြစ်ပါသည်။ သာမန်အသုံး စရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၁,၃၈၁.၈၁၀ သန်း ဖြစ်ပြီး၊ အကောင် အထည်ဖော်နိုင်မှု ကျပ် ၁,၃၂၅.၆၇၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၉၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တပ်နယ်များ၏ နယ်နိမိတ်နှင့် တပ်နယ်ဈေးများ အတွင်း ဆိုင်ခန်းငှားရမ်းခများနှင့် အခွန်အခများ ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများ လျာထားသည့်အတိုင်း ခန့်အပ်နိုင်မှုမရှိခြင်း၊ တာဝန်ဖြင့် ခရီးသွားလာမှုနည်းပါးခြင်း၊ စက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းမှုနည်းပါးခြင်း၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်နှင့် ဧည့်ခံ ကျွေးမွေးစရိတ်တို့အား သုံးစွဲမှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၁၂၁.၄၂၂ | ၉၇,၀၁၆.၀၉၇ | -၉၆,၈၉၄.၆၇၅ | ၂၅၅.၇၉၆ | ၈၁,၃၀၀.၈၂၀ | -၈၁,၀၄၆.၀၂၄ | ၂၁၀.၆၇% | ၈၃.၈၀% |
| | စုစုပေါင်း | ၁၂၁.၄၂၂ | ၉၇,၀၁၆.၀၉၇ | -၉၆,၈၉၄.၆၇၅ | ၂၅၅.၇၉၆ | ၈၁,၃၀၀.၈၂၀ | -၈၁,၀၄၆.၀၂၄ | ၂၁၀.၆၇% | ၈၃.၈၀% |

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

### နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

### (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၁၂၀.၄၂၂ | ၁,၃၄၉.၇၇၀ | -၁,၂၂၈.၃၄၈ | ၂၅၅.၇၉၆ | ၁,၃၃၄.၂၉၃ | -၁,၀၇၈.၄၉၇ | ၂၁၀.၆၇% | ၉၈.၈၅% |
| | စုစုပေါင်း | ၁၂၀.၄၂၂ | ၁,၃၄၉.၇၇၀ | -၁,၂၂၈.၃၄၈ | ၂၅၅.၇၉၆ | ၁,၃၃၄.၂၉၃ | -၁,၀၇၈.၄၉၇ | ၂၁၀.၆၇% | ၉၈.၈၅% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၉၅,၆၆၆.၃၂၇ | -၉၅,၆၆၆.၃၂၇ | | ၇၉.၉၆၇.၅၂၇ | -၇၉.၉၆၇.၅၂၇ | | ၈၃.၅၉% |
| | စုစုပေါင်း | | ၉၅,၆၆၆.၃၂၇ | -၉၅,၆၆၆.၃၂၇ | | ၇၉.၉၆၇.၅၂၇ | -၇၉.၉၆၇.၅၂၇ | | ၈၃.၅၉% |

## နေပြည်တော်ကောင်စီ၏
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီး ခန့်မှန်းခြေကျပ် ၁၂၁.၄၂၂ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှုကျပ် ၂၅၅.၇၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၁၀.၆၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ် ၁,၃၄၉.၇၇၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၃၄.၂၉၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၈.၈၅ ဖြစ်ပါသည်။ သာမန် ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ ပိုမို/လျော့နည်းအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါပုံစံရောင်းရငွေများ၊ နောက်ကျဒဏ်ကြေးငွေများ၊ ပိုထုတ်ငွေမှ ပြန်လည်ပေးသွင်းငွေများ ရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကောင်စီဝင်များ၏ နေ့တွက်စရိတ်မှာ အမှန်တကယ် ကွင်းဆင်းဆောင်ရွက်ခဲ့သော နေ့ရက်များအတွက်သာ ထုတ်ယူခဲ့ခြင်း၊ နိုင်ငံခြားခရီးစဉ် သွားရောက်မှုလျော့နည်းခြင်း၊ ဘဏ်ဆောင်ရွက်ခများပေးချေရာတွင် လျော့နည်းပေးချေရခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ နည်းပါးခြင်း၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှုနည်းပါးခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေကျပ် ၉၅,၆၆၆.၃၂၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၉,၉၆၇.၅၂၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၃.၅၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့် ပတ်သက်၍ လျော့နည်းရသည့် အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** လမ်း၊ တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊အခြားလုပ်ငန်းနှင့် အဆောက်အဦလုပ်ငန်းများအား ပြန်လည်အပ်နှံခဲ့ခြင်းကြောင့်လျာထားချက်ထက် လျော့နည်းရခြင်း။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၉၂၃,၂၆၃.၀၃၄ | ၆၁၆,၇၇၀.၃၅၇ | +၁၀၆,၄၉၂.၆၇၇ | ၉၀၂,၂၃၃.၈၈၈ | ၅၁၉.၃၄၉.၅၄၆ | +၃၈၂.၈၈၄.၃၄၂ | ၉၇.၇၂% | ၉၀.၇၅% |
| | စုစုပေါင်း | ၉၂၃,၂၆၃.၀၃၄ | ၆၁၆,၇၇၀.၃၅၇ | +၁၀၆,၄၉၂.၆၇၇ | ၉၀၂,၂၃၃.၈၈၈ | ၅၁၉.၃၄၉.၅၄၆ | +၃၈၂.၈၈၄.၃၄၂ | ၉၇.၇၂% | ၉၀.၇၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈၇၈,၂၁၈.၆၈၁ | ၅၇၁,၇၃၂.၃၆၁ | +၃၀၆,၄၈၆.၃၂၀ | ၈၈၆,၀၄၄.၉၇၂ | ၅၄၂,၀၁၈.၆၇၅ | +၃၄၄,၀၂၆.၂၉၇ | ၁၀၀.၈၉% | ၉၄.၈၀% |
| | | စုစုပေါင်း | ၈၇၈,၂၁၈.၆၈၁ | ၅၇၁,၇၃၂.၃၆၁ | +၃၀၆,၄၈၆.၃၂၀ | ၈၈၆,၀၄၄.၉၇၂ | ၅၄၂,၀၁၈.၆၇၅ | +၃၄၄,၀၂၆.၂၉၇ | ၁၀၀.၈၉% | ၉၄.၈၀% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

### (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၃,၂၅၂.၄၅၀ | ၄၅,၀၃၇.၉၉၆ | -၁၇,၇၈၅.၅၄၆ | ၄,၁၄၃.၆၂၃ | ၁၇,၃၃၀.၈၇၁ | -၁၃,၅၈၇.၂၄၈ | ၁၅.၂၀% | ၃၉.၃၇% |
| | စုစုပေါင်း | ၂၃,၂၅၂.၄၅၀ | ၄၅,၀၃၇.၉၉၆ | -၁၇,၇၈၅.၅၄၆ | ၄,၁၄၃.၆၂၃ | ၁၇,၃၃၀.၈၇၁ | -၁၃,၅၈၇.၂၄၈ | ၁၅.၂၀% | ၃၉.၃၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၇,၇၉၁.၉၀၃ | | +၁၇,၇၉၁.၉၀၃ | ၁၂,၀၄၅.၂၉၃ | | +၁၂,၀၄၅.၂၉၃ | ၆၇.၇၀% | |
| | စုစုပေါင်း | ၁၇,၇၉၁.၉၀၃ | | +၁၇,၇၉၁.၉၀၃ | ၁၂,၀၄၅.၂၉၃ | | +၁၂,၀၄၅.၂၉၃ | ၆၇.၇၀% | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏

## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊ သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၈၇၈,၂၁၈.၆၈၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၈၆,၀၄၄.၉၇၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၈၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၅၇၁,၇၃၂.၃၆၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၄၂,၀၁၈.၆၇၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၄.၈၀ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ပိုမို/လျော့နည်း အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အဓိကအားဖြင့်ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေတွင် နိုင်ငံခြားဘဏ်များ၌ အချိန်ပိုင်းအပ်ငွေအနေဖြင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားငွေစာချုပ်များဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပိုမိုရရှိခဲ့ခြင်းနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေပေါ်မှအတိုးရငွေတွင် ပြည်တွင်း၌ပုဂ္ဂလိကဘဏ်များမှ ငွေကြေးလိုအပ်ချက်အရ အစိုးရငွေချေးသက်သေခံလက်မှတ်များ အပေါင်ပြု၍ ချေးငွေထုတ်ပေးခဲ့ခြင်းအပေါ် အတိုးရငွေ၊အစိုးရငွေတိုက်လက်မှတ်များဖြင့် အစိုးရ၏ လိုငွေဖြည့်တင်း ပေးခဲ့ရခြင်းအပေါ် အတိုးဝင်ငွေရရှိစေရန်အတွက် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၂၇,၂၅၂.၄၅၀ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၄,၁၄၃.၆၂၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၅.၂၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၄၅,၀၃၇.၉၉၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇,၇၃၀.၈၇၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၉.၃၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ လျော့နည်းရသည့် အခြေအနေများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ငွေလုံးငွေရင်းရငွေတွင် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ JICA Grant Aid Project ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအပေါ်မူတည်၍ ငွေပေးချေရခြင်းကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** JICA Grant ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအနက် ၂၀၁၈-၂၀၁၉ ခုနှစ် အတွင်း Consultant Contract ၏ Consultant Fee အတွက်သာပေးချေခဲ့ရပြီး Infrastructure နှင့် Application ပိုင်းတို့အတွက် ကျသင့်ငွေများအား ၂၀၁၉-၂၀၂၀ မှသာ ဆက်လက်ပေးချေရမည် ဖြစ်ပါသဖြင့် သုံးငွေလျော့နည်းခြင်းနှင့် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများတွင် တင်ဒါခေါ်ယူ၍ ဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဝယ်ယူရေး လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်း များနှင့်အညီ Request for Quotation (လေ့လာနှိုင်းယှဉ်မှုပြုလုပ်၍ဝယ်ယူခြင်း) နည်းလမ်းကိုအသုံးပြု၍ နည်းပညာအရည်အသွေးကိုက်ညီပြီး ဈေးနှုန်း အနည်းဆုံးဖြင့် တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ တင်ဒါဈေးဆစ်ပိုငွေများရှိခြင်းကြောင့်လည်းကောင်း အသုံးစရိတ် လျော့နည်းရခြင်းဖြစ်ပါသည်။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ် ၁၇,၇၉၁.၉၀၃ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂,၀၅၅.၂၉၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၇.၇၀ ဖြစ်ပါသည်။

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ကြွေးမြီရငွေတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (FSDP) လုပ်ငန်းများအတွက် World Bank မှ လျာထားချက်၏ (၇၀%) နီးပါး ချေးငွေထုတ်ယူရရှိခဲ့ပါသည်။ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် World Bank ၏ Procurement Process များအရ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်နေရသဖြင့်လည်းကောင်း၊ အထက်အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်များရယူခြင်း၊ Website များ၌ ကြော်ငြာခေါ်ယူခြင်း၊ စာချုပ် ချုပ်ဆိုနိုင်ရေးအတွက်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူနိုင်ရေးအတွက် တင်ပြခွင့်ပြုချက်ရယူခြင်းနှင့် တောင်းခံခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရခြင်းကြောင့်လည်းကောင်း၊လုပ်ငန်းပြီးစီးမှုအနေအထားအရ ငွေပေး ချေရန်လိုအပ်သည့် ပမာဏကိုသာထုတ်ယူခဲ့ခြင်းကြောင့် လျော့နည်းရရှိခဲ့ခြင်း ဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၄၆,၉၉၆.၁၂၆ | ၃၉,၇၇၄.၁၅၉ | +၇,၂၂၁.၉၆၇ | ၄၈,၁၂၄.၀၄၄ | ၃၇,၇၅၃.၈၃၆ | +၁၀,၃၇၀.၂၀၈ | ၁၀၂.၄၀% | ၉၄.၉၂% |
| | စုစုပေါင်း | ၄၆,၉၉၆.၁၂၆ | ၃၉,၇၇၄.၁၅၉ | +၇,၂၂၁.၉၆၇ | ၄၈,၁၂၄.၀၄၄ | ၃၇,၇၅၃.၈၃၆ | +၁၀,၃၇၀.၂၀၈ | ၁၀၂.၄၀% | ၉၄.၉၂% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၄၆,၉၅၀.၁၇၀ | ၃၅,၄၉၈.၁၃၄ | +၁၁,၄၅၂.၀၃၆ | ၄၈,၀၅၆.၃၆၂ | ၃၄,၄၁၃.၀၁၁ | +၁၃,၆၄၃.၃၅၁ | ၁၀၂.၃၆% | ၉၆.၉၄% |
| | စုစုပေါင်း | ၄၆,၉၅၀.၁၇၀ | ၃၅,၄၉၈.၁၃၄ | +၁၁,၄၅၂.၀၃၆ | ၄၈,၀၅၆.၃၆၂ | ၃၄,၄၁၃.၀၁၁ | +၁၃,၆၄၃.၃၅၁ | ၁၀၂.၃၆% | ၉၆.၉၄% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စာရင်း (အောက်တိုဘာလမှ စက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ | | | ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၄၅.၉၅၆ | ၄,၂၇၆.၀၂၅ | -၄,၂၃၀.၀၆၉ | ၆၇.၆၈၂ | ၃,၃၄၀.၈၂၅ | -၃,၂၇၃.၁၄၃ | ၁၄၇.၂၈% | ၇၈.၁၃% |
| | စုစုပေါင်း | ၄၅.၉၅၆ | ၄,၂၇၆.၀၂၅ | -၄,၂၃၀.၀၆၉ | ၆၇.၆၈၂ | ၃,၃၄၀.၈၂၅ | -၃,၂၇၃.၁၄၃ | ၁၄၇.၂၈% | ၇၈.၁၃% |

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၄၆,၉၅၀.၁၇၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၈,၀၅၆.၃၆၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၂.၃၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၃၅,၄၉၈.၁၃၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၄,၄၁၃.၀၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၆.၉၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တံဆိပ်ခေါင်းခွန်ရငွေနှင့်ယာဉ်များအပေါ် ကောက်ခံသည့် နှစ်စဉ်ဘီးခွန် ရငွေများ ပိုမိုရရှိခြင်း၊ မြေငှားဂရန်ဝန်ဆောင်ခ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခ၊ အုတ်ရောင်းရငွေနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံ ဝန်ဆောင်ခရငွေများ ပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေအသုံးစရိတ်တွင် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ ပိုငွေဖြစ်ပေါ်ခြင်း၊ လုပ်ငန်းပြီးစီးမှု စစ်ဆေးချက်အရ ပိုငွေဖြစ်ပေါ်ခြင်းနှင့် လယ်ယာမြေသီးနှံလျော်ကြေးတို့မှ ပိုငွေဖြစ်ပေါ်ခြင်းတို့ကြောင့် ငွေတိုက်ဦးစီးဌာန၏ မူလငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းခဲ့ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းနှင့် သာမန်အသုံးစရိတ်တွင် ဝန်ထမ်းများနုတ်ထွက်ခြင်း၊ ပြည်ပသင်တန်းသွားရောက်မှုလျော့နည်းခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုင်ရာသင်တန်း(၂)ကြိမ်ဖွင့်လှစ်ရန် လျာထားသော်လည်း(၁)ကြိမ်သာ ဖွင့်လှစ်ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၄၅.၉၅၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၆၇.၆၈၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၄၇.၂၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေ ကျပ် ၄,၂၇၆.၀၂၅ သန်း

ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၃,၃၄၀.၈၂၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၁၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ပိုမို/လျော့နည်းရသည့် အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ရေမီတာရောင်းချရငွေများ လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ခန့်မှန်းတွက်ချက်မှုစာရင်းနှင့် လုပ်ငန်းပြီးစီးမှုအပေါ် စိစစ်ချက်အရ ပိုငွေများ၊ တင်ဒါခေါ်ယူခြင်းမှ ပိုငွေများ၊ စက်ပစ္စည်း(၂)မျိုး ပြင်ဆင်ရန် လျာထားသော်လည်း ပြင်ဆင်မှုမရှိခဲ့ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း(၁)ခုနှင့် စက်ပစ္စည်း(၂)မျိုး တင်ဒါခေါ်ယူခဲ့ရာတွင် တင်ဒါမအောင်မြင်သဖြင့် ပြန်လည်အပ်နှံရခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၂.၆၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၄၉.၈၂ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၆.၅၃ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၉၆.၃၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီ ရငွေပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၅.၁၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၇၅.၇၃ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၂.၁၉ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၈၉.၈၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထား ချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော်လည်း ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲ ထားကြောင်း တွေ့ရှိရပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊ သုံးငွေများအပေါ် အကောင် အထည်ဖော်ဆောင်ရွက်မှု၌ ရငွေပိုင်းတွင် သာမန်ရငွေမှာ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ဌာန၊အဖွဲ့အစည်းများသည် အမှန်တကယ်ရရှိနိုင်ပြီး အကောင်အထည်ဖော်နိုင်မည့် ပမာဏကိုနီးစပ်စွာ ခန့်မှန်းလျာထားရန်လိုအပ်ပါသည်။

၃။ သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ်မှာ လျာထားချက်နှင့် အနီးစပ်ဆုံးသုံးစွဲနိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအချို့မှာ စာချုပ်ချုပ်ဆိုနိုင်မှုမရှိခြင်း၊ နိုင်ငံခြားမှမှာယူထားသောပစ္စည်းများ အချိန်မီမရောက်ရှိခြင်း၊ တင်ဒါဈေးနှုန်းစိစစ်ခဲ့ခြင်းနှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် SEADRIF သို့ အာမခံကြေးထည့်ဝင်ငွေအတွက် Flood Risk Assessment Platform အား အပြီးသတ်ဆောင်ရွက်ဆဲ ဖြစ်သဖြင့် အာမခံပရီမီယံကြေး မထည့်ဝင်နိုင်ခြင်း၊ Housing Loan နှင့် ODA Phase II အတွက် ချေးငွေအပြည့်အဝထုတ်ချေးနိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊ သုံးငွေများအပေါ် နှစ်ပတ်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ် သုံးသပ်တင်ပြအပ်ပါသည်-

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
ယာယီအမှန်စာရင်းအရ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ၊ သုံးငွေများအပေါ်
အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှ မတ်လအထိ) အကောင်အထည် ဖော်နိုင်မှု | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ စက်တင်ဘာလအထိ) အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၁၇,၃၄၁,၂၈၆.၆၄၈** | **၂၁,၀၆၈,၅၆၇.၉၇၂** | **(+)၃,၇၂၇,၂၈၁.၃၂၄** |
| | သာမန် | ၁၆,၂၇၈,၈၇၉.၇၀၀ | ၁၉,၄၅၃,၄၆၈.၆၉၄ | (+)၃,၁၇၄,၅၈၈.၉၉၄ |
| | ငွေလုံးငွေရင်း | ၁၁၉,၈၅၉.၁၇၄ | ၂၀၇,၃၀၂.၇၂၁ | (+)၈၇,၄၄၃.၅၄၇ |
| | ကြွေးမြီ | ၉၄၂,၅၄၇.၇၇၄ | ၁,၄၀၇,၇၉၆.၅၅၇ | (+)၄၆၅,၂၄၈.၇၈၃ |
| (ခ) | **သုံးငွေ** | **၁၉,၇၄၄,၇၈၆.၅၃၆** | **၂၄,၃၉၇,၂၆၈.၅၀၇** | **(+)၄,၆၅၂,၄၈၁.၉၇၁** |
| | သာမန် | ၁၅,၀၉၆,၁၉၈.၃၆၄ | ၁၈,၃၉၆,၂၁၂.၅၀၀ | (+)၃,၃၀၀,၀၁၄.၁၃၆ |
| | ငွေလုံးငွေရင်း | ၃,၉၃၂,၁၁၁.၃၄၄ | ၅,၀၆၉,၂၃၃.၃၁၆ | (+)၁,၁၃၇,၁၂၁.၉၇၂ |
| | ကြွေးမြီ | ၇၁၆,၄၇၆.၈၂၈ | ၉၃၁,၈၂၂.၆၉၁ | (+)၂၁၅,၃၄၅.၈၆၃ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၂,၄၀၃,၄၉၉.၈၈၈** | **(-)၃,၃၂၈,၇၀၀.၅၃၅** | **(-)၉၂၅,၂၀၀.၆၄၇** |

၅။ အထက်ပါဇယားအရ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လအထိ) ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ)ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၃,၇၂၇,၂၈၁.၃၂၄ သန်း ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လအထိ) ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ)ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၄,၆၅၂,၄၈၁.၉၇၁ သန်း ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။